# မန္တလေးခရိုင်တရားရုံး

## ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၆

၂၀၁၆ခုနှစ်၊ မတ်လ(၉)ရက်

ဦးလှအေး နှင့် ၁။ ကိုအောင်သူရ

၂။ ဦးထွန်းလှအောင်(ခ)ဦးရွှေမန်း

(တရားလို) (တရားပြိုင်များ)

တရားလိုများအတွက် -ဦးမောင်မောင်ဦး၊ တရားလွှတ်တော်ရှေ့နေ

(၁)တရားပြိုင်အတွက် -ဦးအောင်သူမြင့်၊ တရားလွှတ်တော်ရှေ့နေ

(၂)တရားပြိုင်အတွက် -ဦးကျော်မြင့်၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

အမှုမှာ တရားလိုဦးလှအေးက တရားပြိုင်ကိုအောင်သူရ ပါ(၂)ဦးအပေါ် (၁၅. ၁၂. ၂၀၁၂) ရက်နေ့ဝန်ခံကတိစာချုပ်ပါ ကျောက်စိမ်းဘိုးငွေ (၇၂၅,၀၀၀၀ိ/-) (ကျပ်ခုနှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ) နှင့် နစ်နာကြေးငွေ(၅၀၀,၀၀၀၀ိ/-) (ကျပ်သိန်းငါးရာတိတိ)၊ စုစုပေါင်းငွေကျပ်(၁၂၂၅,၀၀၀၀ိ/-) (ကျပ်သိန်းတစ်ထောင့်နှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ)ရလိုမှု စွဲဆိုခြင်းဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုသည် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန် ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)နေအိမ်၌ ရွှန်းပပအမည်ဖြင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း (၁)တရားပြိုင်မှာ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၂၈၉)တွင် နေထိုင်ပြီး ဘိုးစိမ်းတာကျောက်မျက်ကုမ္ပဏီအမည်ဖြင့် ကျောက်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း၊ (၂)တရားပြိုင်မှာ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၃၅၉)တွင်နေထိုင်ပြီး ကျောက်စိမ်းအရောင်း အဝယ်ပွဲစားလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း၊ လွန်ခဲ့သော (၁၁. ၁၀. ၂၀၁၂)ရက်နေ့က တရားပြိုင်များသည် တရားလို၏ နေအိမ်ရွှန်းပပကျောက်မျက်ရတနာရောင်းဝယ်ရေးသို့ ရောက်ရှိလာပြီး ရတနာကျောက်စိမ်းတုံး များအား ကြည့်ရှုပြီးနောက် ကျောက်စိမ်း(၃၆)လုံးကို ငွေကျပ်(၇၂၅,၀၀၀၀ိ/-) (ကျပ်ခုနှစ်ရာနှစ်ဆယ့် ငါးသိန်းတိတိ)ဖြင့် ဈေးဖြတ်၍(၁၅. ၁၀. ၂၀၁၂)ရက်နေ့တွင် ငွေချေမည်ဖြစ်ကြောင်းပြောဆိုကြပြီး တိပ်စည်း၍ထားခဲ့ကြကြောင်း၊ (၁၄. ၁၀. ၂၀၁၂)နေ့တွင် တရားလို၏နေအိမ် ရွှန်းပပကျောက်မျက် ရတနာလုပ်ငန်းသို့ တရားပြိုင်များရောက်ရှိလာပြီး (၁၁. ၁၀. ၂၀၁၂)ရက်နေ့က တိပ်စည်းထားခဲ့သည့်

ရတနာကျောက်စိမ်း(၃၆)လုံးကို ယူသွားလိုကြောင်းနှင့် (၁၅. ၁၀. ၂၀၁၂)နေ့တွင် ကျောက်ဘိုးငွေကျပ်(၇၂၅)သိန်းကို မပျက်မကွက်ဆက်ဆက်ပေးပါမည်ဟု ကတိပြုပြောကြားသဖြင့် ယုံကြည်ပြီး ကျောက်စိမ်း(၃၆)လုံးကို တရားပြိုင်များသို့ ရောင်းချပေးအပ်ခဲ့ကြောင်း၊ (၁၅. ၁၀. ၂၀၁၂) ရက်နေ့တွင် တရားပြိုင်များမှ ကျောက်စိမ်း(၃၆)လုံးအတွက် ကျောက်ဘိုးငွေ(၇၂၅)သိန်းကျပ် လာရောက်ပေးချေခြင်းမရှိ၍ အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ပေးအပ်ခြင်းမရှိကြောင်း၊ တရားပြိုင်များက ရက်ချိန်းထပ်မံတောင်းခံလာ၍ (၁၅. ၁၂. ၂၀၁၂)ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တရားပြိုင်များ သယ်ယူသွားသည့် ကျောက်စိမ်း(၃၆)လုံးအတွက် တန်ဖိုးငွေ(၇၂၅)သိန်း ကျပ်ကို (၂၅. ၁၂. ၂၀၁၂) ရက်နေ့တွင် အကြေပေးချေပါမည်ဟု အသိသက်သေများရှေ့တွင် တရားပြိုင်များမှ ကတိပြုလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ကြကြောင်း၊ သို့သော် တရားပြိုင်များသည် ကတိပြုထားသည့်အတိုင်းပေးဆပ်ခြင်းမရှိ၍ တရားလိုမှာများစွာ နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ ကျောက်စိမ်းဘိုးငွေ (၇၂၅, ၀၀၀၀ဝိ/-) (ကျပ်ခုနှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ)နှင့် နစ်နာကြေးငွေကျပ်သိန်း(၅၀၀,၀၀၀၀ဝိ/-) (ကျပ်သိန်းငါးရာတိတိ) ရထိုက်ကြောင်းအဆိုပြုထားသည်။

(၁)တရားပြိုင်း၏ချေလွှာတွင် (၁၄. ၁၀. ၂၀၁၂)ရက်နေ့က တရားလို၏နေအိမ် ရွှန်းပပကျောက်မျက်ရတနာလုပ်ငန်းမှ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် အရောင်းအဝယ်တည့်ပြီး တိပ်စည်းခဲ့ကြောင်း၊ (၁၅. ၁၀. ၂၀၁၂)ရက်နေ့တွင် ကျောက်စိမ်း(၃၉)လုံးကို တရားလို၏ခွင့်ပြုချက်အရ ယူဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း၊ (၅)ရက်ခန့်အကြာတွင် တရားလိုထံသို့ငွေကျပ်(၇၅)သိန်းကို ဦးထွန်းလှအောင်၊ ဦးငွေတိုးတို့နှင့်အတူ ပေးချေခဲ့ကြောင်း၊ တစ်ပတ်ခန့်အကြာတွင် ငွေကျပ်သိန်း(၅၀)ကို ဇနီးဒေါ်နှင်းအိဖြူ၊ ဦးထွန်းလှအောင်၊ ဦးငွေတိုးတို့က တရားလိုထံပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ ကျောက်စိမ်း (၃၉)လုံး၏ တန်ဘိုးငွေကျပ်သိန်း(၈၅၀)အနက် ငွေကျပ်(၁၂၅)သိန်းကို တရားလိုထံ ပေးသွင်းထားပြီးဖြစ်ကြောင်း၊ တရားလိုထံမှ ကျောက်စိမ်း(၃၆)လုံးကို ငွေကျပ်(၇၂၅)သိန်းဖြင့် ဝယ်ယူခဲ့ခြင်းမဟုတ်ဘဲ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားလို၏နေအိမ်၌ တရားလိုနှင့် တရားပြိုင်တို့ ဝယ်ယူသည့်ကျောက်စိမ်းများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းကြပြီးနောက် တရားလိုမှရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူ၍စာချုပ်၌ လက်မှတ်ရေးထိုးရမည်ဟုအတင်းအကြပ်ပြောဆိုသဖြင့် (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ စာချုပ်ပေါ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ၁၅. ၁၂. ၂၀၁၂ ရက်စွဲပါကတိစာချုပ်တွင် တရားလိုထံသို့ နစ်နာကြေးပေးမည်ဆိုသော ကတိပြုချက်များမပါရှိသဖြင့် တရားလိုအနေဖြင့် နစ်နာကြေးငွေကျပ်သိန်း(၅၀၀)ရထိုက်ခွင့်မရှိကြောင်း၊ (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ စာချုပ်သည်ပျက်ပြယ်သောစာချုပ်ဖြစ်သဖြင့် အမှုကိုစွဲဆိုခွင့်မရှိကြောင်း ချေပ ထားသည်။

(၂)တရားပြိုင်၏ချေလွှာတွင် တရားလို၏ကျောက်အရောင်းအဝယ်လုပ်ငန်းတွင် ပွဲစားလုပ်ပေးသည့်အလုပ်ဖြင့်သာ ရင်းနှီးခင်မင်ကြောင်း၊ (၁၁. ၁၀. ၂၀၁၂)နေ့က (၁၊၂)တရားပြိုင်များ တရားလို၏ နေအိမ်ရွှန်းပပကျောက်မျက်ရတနာရောင်းဝယ်ရေးသို့ သွားရောက်ခြင်းမှာ ဦးလှအေးကပွဲတိုက်ခိုင်း၍ ကိုအောင်သူရကို ခေါ်သွားခြင်းဖြစ်ကြောင်း၊ (၁၁. ၁၀. ၂၀၁၂)နေ့တွင် ဦးလှအေး၏ ကျောက်စိမ်း(၄)လုံးကို

Ngu
၉. ၃. ၂၀၁၆
(ညီညီစိုး)
တွဲဖက်ခရိုင်တရားသူကြီး( ၁ )

ငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်း၊ (၁၂. ၁၀. ၂၀၁၂)နေ့တွင် နောက်ထပ်ကျောက်စိမ်း(၄)လုံးကို ငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်း၊ ဦးလှအေးမှ ဦးအောင်သူရသို့ လက်ငင်းရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း၊ (၁၁. ၁၀. ၂၀၁၂)နေ့ရောင်းချသည့် ကျောက်စိမ်း(၄)လုံးအတွက် ပွဲခ(၅)သိန်းကို ဦးလှအေးမှပေးကြောင်း၊ (၁၂. ၁၀. ၂၀၁၂)နေ့တွင် ရောင်းချသည့်ကျောက်စိမ်း(၄)လုံးအတွက် ပွဲစားခလုံးဝမပေးကြောင်း၊ (၁၄. ၁၀. ၂၀၁၂)နေ့တွင် တရားလို၏နေအိမ် ရွှန်းပပကျောက်မျက်ရတနာလုပ်ငန်းသို့သွားရောက်ပြီး ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ဦးလှအေးနှင့် ဦးအောင်သူရတို့လက်မှတ်ထိုးပြီး စာချုပ်မှာဦးလှအေးလက်ဝယ်တွင်ရှိကြောင်း၊ (၂)တရားပြိုင်ပါဝင်လက်မှတ်ရေးထိုးရခြင်းမရှိကြောင်း၊ (၁၅. ၁၂. ၂၀၁၂)ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သောစာချုပ်မှာ တရားလိုမှမလျော်ကြဖာသုံး၍ ပြုလုပ်ချုပ်ဆိုသောစာချုပ်သာဖြစ်ကြောင်း၊ ကျောက်စိမ်း(၃၆)လုံးကို တန်ဘိုးငွေသိန်း(၇၂၅)ဖြင့် ဝယ်ယူခြင်းမဟုတ်ဘဲ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် (၁)တရားပြိုင်က ဝယ်ယူခြင်းဖြစ်ပြီး (၂)တရားပြိုင်က ငွေကျပ်(၁၂၅)သိန်းကို (၂)ကြိမ်ခွဲပေးပြီးဖြစ်ကြောင်း၊ (၂)တရားပြိုင်မှာ ပွဲစားသာဖြစ်ကြောင်း၊ လိမ်လည်အဆိုပြုတောင်းခံခြင်းအပေါ် နစ်နာငွေဆိုသည်မှာ လုံးဝမရှိကြောင်း၊ (၂)တရားပြိုင်သည် လိုင်စင်ရပွဲစားဖြစ်ပြီး အရောင်းအဝယ်တွင်ကိုယ်တိုင်ဝယ်ယူခြင်းမဟုတ်ဘဲ တရားလို၊ တရားပြိုင်တို့ဆန္ဒအရ ဆောင်ရွက်ပေးရခြင်းဖြစ်၍ အမှုမှ ဖယ်ထုတ်ပေးစေလိုကြောင်း ချေပထားသည်။

အဆိုအချေများအရ ရုံးတော်မှ

၁။ (၁)(၂)တရားပြိုင်များသည် တရားလို၏နေအိမ်သို့ ရောက်ရှိလာပြီး ကျောက်စိမ်း(၃၆)လုံးကို ငွေကျပ်(၇၂၅,၀၀၀၀ဝ/-)ဖြင့် ဈေးဖြတ်၍(၁၅. ၁၀. ၂၀၁၂)နေ့တွင် ပေးချေမည်ဆိုကာ (၁၄. ၁၀၂၀၁၂)ရက်နေ့က ရယူသွားခဲ့ကြသည်ဆိုသည်မှာ မှန်သလား။

၂။ ကျောက်စိမ်း(၃၆)လုံးအတွက် တန်ဖိုးငွေကျပ်(၇၂၅)သိန်းကို (၂၅. ၁၂. ၂၀၁၂) ရက်နေ့တွင် အကြေပေးချေပါမည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသိသက်သေများရှေ့တွင် (၁)(၂)တရားပြိုင်များက ကတိပြုလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ကြသည် ဆိုသည်မှာ မှန်သလား။

(သို့မဟုတ်)

(၂၅. ၁၂. ၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်မှာ (၁)(၂)တရားပြိုင်တို့အား အတင်းအကြပ်မလျော်ကြဖာသုံး ခြိမ်းခြောက်ပြုလုပ်ခဲ့သောစာချုပ်ဖြစ်၍ ပျက်ပြယ်သောစာချုပ်ဖြစ်သည်ဆိုသည်မှာ မှန်သလား။

၃။ (၁)တရားပြိုင်က တရားလိုထံသို့ ကျောက်စိမ်းဖိုးငွေကျပ်(၁၂၅)သိန်း ပေးချေပြီးဖြစ်သည်ဆိုသည်မှာ မှန်သလား။

၄။ (၂)တရားပြိုင်သည် လိုင်စင်ရပွဲစားတစ်ဦးဖြစ်ပြီး အရောင်းအဝယ်တွင်ကိုယ်တိုင်ဝယ်ယူခြင်းမဟုတ်ဘဲ တရားလိုနှင့် (၁)တရားပြိုင်တို့ဆန္ဒအရ ဆောင်ရွက်ပေးရခြင်းဖြစ်၍(၂)တရားပြိုင်နှင့် သက်ဆိုင်ခြင်းမရှိဆိုသည်မှာ မှန်သလား။

၉. ၃. ၂၀၁၆

(ညီမိစံ)

တွဲဖက်ခရိုင်တရားသူကြီး( ၁ )

၅။ တရားလိုသည် တရားပြိုင်များထံမှ နစ်နာကြေးငွေကျပ်သိန်း(၅၀၀) ရထိုက်ပါသလား။

(သို့မဟုတ်)

(၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်တွင် တရားလိုနှင့်တရားပြိုင်တို့သည် လျော်ကြေးနစ်နာကြေးပေးချေမည်ဟုဆိုသော ကတိပြုချက်များမပါရှိသဖြင့် တရားလိုအနေဖြင့် နစ်နာကြေးငွေကျပ်သိန်း(၅၀၀)ရထိုက်ခွင့် မရှိဆိုသည်မှာ မှန်သလား။

၆။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။ ဟူသောငြင်းချက်(၆)ရပ် ထုတ်နှုတ်ပြီး နှစ်ဘက်စစ်ဆေးကြားနာခဲ့သည်။

<u>ငြင်းချက်(၁)</u>

တရားလိုဦးလှအေးက ရွှန်းပပအမည်ဖြင့် ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်းကို နေအိမ်မှာပင် ဖွင့်လှစ်လုပ်ကိုင်လျှက်ရှိကြောင်း၊ (၂)တရားပြိုင်ဦးထွန်းလှအောင်နှင့် (၁၁. ၁၀. ၂၀၁၂)မတိုင်မီ(၂)နှစ်ခန့်ကပင် ကျောက်လုပ်ငန်းနှင့်ပတ်သက်၍ သိကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ (၁၁. ၁၀. ၂၀၁၂)နေ့ကမှ ဦးအောင်သူရကို ဦးထွန်းလှအောင်က ခေါ်ဆောင်လာသဖြင့် တွေ့မြင်သိဘူးခြင်းဖြစ်ကြောင်း၊ ဦးထွန်းလှအောင်မိတ်ဆက်ပေးမှုအရ ကိုအောင်သူရမှာ ဘိုးစိမ်းတာကျောက်မျက်ရတနာကုမ္ပဏီဖြင့် ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်ပြီး မန္တလေးမြို့ ဒေးဝန်းအရှေ့တွင် နေထိုင်လုပ်ကိုင်သည်ဟုသိရကြောင်း၊ (၁၁. ၁၀. ၂၀၁၂)နေ့တွင် မိမိထံ၌ရှိသော ကျောက်စိမ်းအရိုင်းတုံးများထဲက ဖားကန့်ကြီးမော်မှ ထွက်သည့် ကျောက်စိမ်းအရိုင်းတုံး(၃၆)တုံးကို ကြည့်ရှုစစ်ဆေးပြီး ငွေကျပ်(၇၂၅)သိန်းဖြင့် ဈေးဖြတ်ဝယ်ယူရန် တရားပြိုင်ဦးအောင်သူရနှင့် ဦးထွန်းလှအောင်တို့မှ သဘောတူကြကြောင်း၊ အဆိုပါကျောက်စိမ်း(၃၆)လုံးကို (၂)အိတ်ခွဲ၍ တိပ်စည်းပြီး(၁၅. ၁၀. ၂၀၁၂)နေ့တွင် ကျောက်စိမ်း(၃၆)လုံးအတွက် တန်ဘိုး(၇၂၅)သိန်းကိုပေးချေမည်ဖြစ်ကြောင်း ပြောဆိုပြီးတရားပြိုင်မှ ယူသွားခြင်းမရှိကြောင်း၊ (၁၄. ၁၀. ၂၀၁၂)နေ့တွင် ဦးထွန်းလှအောင်နှင့် အောင်သူရတို့ ရောက်လာပြီး (၁၁. ၁၀. ၂၀၁၂)ရက်နေ့က တိပ်စည်းထားသည့် ကျောက်စိမ်း(၃၆)လုံး တိပ်များဖြေ၍ပြန်စစ်ကြပြီး နောက်ယူသွားလိုကြောင်း၊ နောက်နေ့ (၁၅. ၁၀. ၂၀၁၂)နေ့တွင် ကျောက်ဖိုးငွေ(၇၂၅)သိန်း ပေးပါမည်ဟု တရားပြိုင်(၂)ဦးကပြောကြောင်း၊ မိမိမှစရန်ငွေမပေးဘဲ ယူသွားမှာတော့မဖြစ်နိုင်ကြောင်းပြောသည့်အခါ အောင်သူရနှင့် ထွန်းလှအောင်တို့ မှ (၁၅. ၁၀. ၂၀၁၂) ရက်နေ့တွင် မပျက်မကွက်ပေးပါမည်ဟု ကတိပြုပြောကြားသဖြင့် ယုံကြည်၍ပေးလိုက်ကြောင်း၊ (၁၄. ၁၀. ၂၀၁၂)နေ့က ကျောက်စိမ်း(၃၆)လုံးကို အောင်သူရနှင့် ဦးထွန်းလှအောင်တို့နှစ်ဦးတည်း လာသယ်ခြင်းဖြစ်ပြီး ၄င်းတို့ကားပေါ်သို့ မိမိအိမ်မှဖာနည်အောင်၊ လှဖုန်းမောင်နှင့် မခိုင်စန္ဒာဝင်းတို့မှ တွေ့မြင်သိရှိကြပြီး ကားပေါ်သို့သယ်ပေးခဲ့ကြကြောင်း ထွက်ဆိုခဲ့သည်။

တရားပြိုင်ဦးလှအေး၏ထွက်ဆိုချက်ကို ဒေါ်ခိုင်စန္ဒာဝင်း(လိုပြ-၂)၊ ဦးလှဘုန်းခေါင်(လိုပြ-၃)တို့က ထောက်ခံထွက်ဆိုခဲ့ကြသည်။

(၁)တရားပြိုင်ဦးအောင်သူရက (၁၄. ၁၀. ၂၀၁၂)နေ့တွင် ဦးထွန်းလှအောင်မှ ဦးလှအေး နေအိမ်သို့ခေါ်ပြီး ကျောက်များပြသဖြင့် ဦးလှအေးထံမှ ကျောက်(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့်

(ညီမိစံ)

တွဲဖက်ခရိုင်တရားသူကြီး(၁)

အရောင်းအဝယ်တဲ့ပြီး ထိုနေ့မှာပင် ကျောက်(၃၉)လုံးကို တိပ်စည်းခဲ့ခြင်းသာဖြစ်ကြောင်း၊ (၁၅. ၁၀. ၂၀၁၂)နေ့တွင် ကျောက်(၃၉)လုံးကို ဦးလှအေးထံမှ ရယူခဲ့ရာတွင် လုပ်ငန်းလည်ပတ်မှုမရှိသေးသဖြင့် ကျောက်ဖိုးငွေများမပေးနိုင်သေးကြောင်း၊ အကယ်၍ခွင့်ပြုပါက ကျောက်များကိုယူသွားမည်ဖြစ်ကြောင်း၊ ဦးလှအေးအား ပြောဆိုရာသဘောတူခွင့်ပြုသဖြင့် ကျောက်(၃၉)လုံးကိုရယူသွားခဲ့ကြောင်း၊ ထိုနေ့က ဦးလှအေးထံမှ ကျောက်(၃၉)လုံးရယူခဲ့ရာတွင် ဦးလှအေးတို့မှ မိမိဝယ်ယူထားသောကျောက်(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် တန်ဘိုးသင့်ရေးသားထားသော စာရွက်အဖြူပေါ်တွင်လက်မှတ်ရေးထိုးခိုင်း၍ လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ မိမိအနေဖြင့် ဦးလှအေးနှင့် အရောင်းအဝယ်လုပ်သည်မှာ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပြီး(၃၆)လုံးကို (၇၂၅)သိန်းဖြင့် အရောင်းအဝယ်လုပ်ခြင်းမဟုတ်ကြောင်း ထွက်ဆိုခဲ့သည်။

(၂)တရားပြိုင် ဦးထွန်းလှအောင်မှလည်း (၁)တရားပြိုင် အောင်သူရ၏ထွက်ဆိုချက်အတိုင်းထောက်ခံထွက်ဆိုခဲ့သည်။

တရားပြိုင်ပြသက်သေ သိန်းကျော်(ပြိုင်ပြ-၂)၊ ဦးဇော်လင်း(ပြိုင်ပြ-၃)၊ ဦးသော်တာ(ပြိုင်ပြ-၄)၊ ဦးဝင်းဦး(ပြိုင်ပြ-၅)၊ ဦးငွေတိုး(ပြိုင်ပြ-၆)တို့မှလည်း (၁)တရားပြိုင်အောင်သူရသည် ဦးလှအေးထံမှကျောက်စိမ်း(၃၉)လုံးကို သိန်း(၈၅၀)ဖြင့် အရောင်းအဝယ်လုပ်သည်ဟုသိရကြောင်း၊ (၂)တရားပြိုင်ဦးထွန်းလှအောင်မှာ ပွဲစားလုပ်ပေးခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။

နှစ်ဘက်သက်သေထွက်ဆိုချက်များအရ တရားပြိုင်များသည် တရားလိုထံမှ(၁၄. ၁၀. ၂၀၁၂)နေ့က ကျောက်စိမ်းများကို ဝယ်ယူခဲ့ပြီး ကျောက်စိမ်းဘိုးငွေများ ပေးချေခြင်းမရှိဘဲယူဆောင်သွားခဲ့ကြောင်း အငြင်းမပွားပေ။

တရားပြိုင်များမှ မိမိတို့ဝယ်ယူခဲ့သော ကျောက်စိမ်းမှာ (၃၆)လုံးမဟုတ်ဘဲ (၃၉)လုံးဖြစ်ကြောင်းနှင့် သိန်း(၇၂၅)ကျပ်နှင့် ဝယ်ယူခြင်းမဟုတ်ဘဲ သိန်း(၈၅၀)ကျပ်ဖြင့် ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်းငြင်းဆိုထားပေသည်။ (၁)တရားပြိုင်အောင်သူရမှ ဦးလှအေးထံက ကျောက်(၃၉)လုံးရယူခဲ့ရာတွင် ကျောက်(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့် တန်ဘိုးသင့်ရေးသားထားသော စာရွက်အလွတ်အဖြူပေါ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း ထွက်ဆိုခဲ့ပြီး (၂)တရားပြိုင် ဦးထွန်းလှအောင်ကမူ ဦးလှအေးနေအိမ်ရှိကပ်ထူစာအုပ်ရှည်တွင် အောင်သူရလက်မှတ်ထိုးပေးခဲ့ရကြောင်း ထွက်ဆိုထားပေရာ ၎င်းတို့နှစ်ဦး၏ထွက်ဆိုချက်များ ရှေ့နောက်ညီညွတ်မှုမရှိကြောင်း မြင်သာနေပေသည်။

ထို့ပြင် အဆိုပါစာရွက်စာတမ်းအားလည်း ရုံးတော်သို့ သက်သေခံအထောက်အထားအဖြစ်တင်ပြနိုင်ခဲ့ကြခြင်းမရှိပေ။ တရားပြိုင်ပြသက်သေများမှလည်း တရားပြိုင်တို့မှ တရားလိုထံက ကျောက်(၃၉)လုံးကို သိန်း(၈၅၀)ဖြင့် ဝယ်ခဲ့ကြောင်းကိုယ်တိုင်သိရှိသူများမဟုတ်ကြောင်း၊ ၎င်းတို့၏ထွက်ချက်များအရပေါ်လွင်လျှက်ရှိသည်။

တရားလိုဘက်မှတင်ပြသည့် သက်သေခံ(က) (၁၅. ၁၂. ၂၀၁၅)ရက်စွဲပါစာချုပ်တွင်တရားလိုထံမှ ရတနာကျောက်စိမ်း(၃၆)လုံးကို ကျပ်သိန်း(၇၂၅)သိန်းကို တရားပြိုင်များက တစ်ပါတည်း

(ညီညီစိုး)
တွဲဖက်ခရိုင်တရားသူကြီး( ၂ )

သယ်ဆောင်သွားပြီးဖြစ်ကြောင်း၊ ကျောက်စိမ်းဘိုးငွေ(၇၂၅)သိန်းကို (၂၅. ၁၂. ၂၀၁၂)နေ့တွင် အကြေ အလည်ပေးချေပါမည်ဟု ဝန်ခံကတိစာချုပ်ချုပ်ဆို၍ လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြပြီးတရားလိုနှင့် တရားပြိုင်များက လက်မှတ်ရေးထိုးကြပေသည်။ အဆိုပါ စာသားများအား တရားပြိုင်အောင်သူရမှ ရေးသားခြင်းဖြစ်ကြောင်းလည်း ၎င်း၏ထွက်ဆိုချက်တွင် ဝန်ခံထားပေသည်။

သက်သေခံ(က)စာချုပ်အရ တရားပြိုင်များအနေဖြင့် တရားလိုထံမှ ကျောက်(၃၉)လုံးကို သိန်း(၈၅၀)ကျပ်ဖြင့် ဝယ်ယူခဲ့သည်ဆိုသော အချက်မှာထင်ရှားပေါ်လွင်ခြင်းမရှိပေ။

သို့ဖြစ်၍ (၁)(၂)တရားပြိုင်များသည် တရားလို၏နေအိမ်သို့ရောက်ရှိလာပြီး ကျောက်စိမ်းတုံး(၃၆)လုံးကို ငွေကျပ်(၇၂၅,၀၀၀၀ဝိ/-)ဖြင့် ဈေးဖြတ်၍(၁၅. ၁၂. ၂၀၁၂)နေ့တွင် ပေးချေမည်ဆိုကာ (၁၄. ၁၀. ၂၀၁၂)ရက်နေ့က ရယူသွားခဲ့ကြသည်ဆိုသည်မှာ မှန်ကြောင်းငြင်းချက်(၁)အား ဖြေကြားလိုက်သည်။

<u>ငြင်းချက်(၂)</u>

တရားလိုဦးလှအေးက (၁၅. ၁၀. ၂၀၁၂)ရက်နေ့တွင် ဦးထွန်းလှအောင်နှင့် အောင်သူရမှ ကျောက်ဖိုးငွေ(၇၂၅)သိန်းလာပေးခြင်းမရှိ၍ ဖုန်းဆက်တောင်းခံသော်လည်း လာပေးခြင်းမရှိဘဲ ရက်ချိန်းများအကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ကြောင်း၊ (၁၅. ၁၂. ၂၀၁၂)နေ့တွင် မိမိမှကိုအောင်သူရနှင့် ဦးထွန်းလှအောင်ထံ ဖုန်းဆက်၍ကြိုက်တဲ့ရက်သာငွေပေးပါ မင်းတို့ချိန်းချင်တဲ့ရက်ချိန်းပါ စာချုပ်လေးတော့ချုပ်ပေးထားစေခြင်သည်ဟု ပြောဆိုခဲ့ကြောင်း၊ (၁၅. ၁၂. ၂၀၁၂)နေ့တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တရားပြိုင်များနှင့် နှစ်ဖက်တွေ့ဆုံးပြီးညှိနှိုင်းကြရာ တရားပြိုင်များက (၂၅. ၁၂. ၂၀၁၂) နေ့တွင် (၇၂၅)သိန်းကို အကျေပေးချေမည်ပြောခဲ့ကြောင်း၊ မိမိမှ ကျောက်စိမ်းအလုံးရည်ငွေတန်ဖိုးငွေ ပေးရမည့်ရက်တို့ကို ကွက်လပ်ချန်ထားပြီး "အတွင်းစာသားများ"ပါရှိသည့် စာချုပ်တစ်စောင်အား ဦးအောင်သူရတို့အား ပြသခဲ့ကြောင်း၊ ၎င်းစာချုပ်ကို ဦးထွန်းလှအောင်နှင့် ဦးအောင်သူရတို့က ဖတ်ကြည့်ပြီး နောက်၎င်းစာချုပ်အတိုင်း ချုပ်ဆိုမည်ဖြစ်ကြောင်းသဘောတူကြပြီးနောက် ဦးအောင်သူရကိုယ်တိုင် ကျောက်စိမ်း(၃၆)လုံး ကျပ်(၇၂၅)သိန်းနှင့် (၁၅. ၁၂. ၂၀၀၂)ရက်စွဲများကို ရေးသွင်းခဲ့ပြီးကျောက်ဖိုးငွေ ပေးချေရမည့် ရက်ကိုလည်း(၂၅. ၁၂. ၂၀၁၂)ရက်နေ့တွင် အပြေအကျေပေးချေပါမည်ဟု ရေးသွင်းခဲ့ကြောင်း၊ အဆိုပါ (၁၅. ၁၂. ၂၀၁၂)နေ့စွဲပါ နှစ်ဖက်ဝန်ခံကတိစာချုပ်ပေါ်တွင် ဦးထွန်းလှအောင်၊ ကိုအောင်သူရနှင့် မိမိတို့မှလက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကြကြောင်း၊ သက်သေအဖြစ် အုပ်ချုပ်ရေးမှူး ဦးမင်းသိန်း(လိုပြ-၃)နှင့် အကွက်မှူး ဦးပေါက်စ(လိုပြ-၁)၊ မခိုင်စန္ဒာဝင်း(လိုပြ-၂)တို့က လက်မှတ်ရေးထိုးကြကြောင်းဖြင့် စာချုပ်အားသက်သေခံ(က)အဖြစ် တင်သွင်းခဲ့သည်။

တရားလို၏ထွက်ဆိုချက်ကို စာချုပ်သက်သေများဖြစ်သော ဦးပေါက်စ(လိုပြ-၁)၊ မခိုင်စန္ဒာဝင်း(လိုပြ-၂)နှင့် ဦးမင်းသိန်း(လိုပြ-၃)တို့က ထောက်ခံထွက်ဆိုခဲ့ကြသည်။

(၁)တရားပြိုင် ဦးအောင်သူရနှင့် (၂)တရားပြိုင် ဦးထွန်းလှအောင်တို့မှ သက်သေခံ(က) စာချုပ်ချုပ်ဆိုပြီး လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ခဲ့ခြင်းနှင့် စပ်လျဥ်း၍ငြင်းဆိုခဲ့ခြင်းမရှိပေ။ (၁)တရားပြိုင်

(ညီမိစ်)
တွဲဖက်ခရိုင်တရားသူကြီး( ၁ )

အား တရားလိုမှ ကျောက်စိမ်း(၃၉)လုံးဝယ်ယူရာတွင် ငွေကျပ်သိန်း(၈၅၀)အနက် (၁၂၅)သိန်းပေးသွင်းပြီး ဖြစ်သောကြောင့် ကျန်ငွေ(၇၂၅)သိန်းကို (၃၆)လုံးဝယ်ယူသည့်ငွေပေးသွင်းမည်ဖြစ်ကြောင်း၊ လက်ရေးဖြင့် ဖြည့်ခိုင်းပြီး အတင်းအကြပ်လက်မှတ်ထိုးခိုင်းခြင်းဖြစ်ကြောင်း၊ (၂)တရားပြိုင်အားလည်း ကျောက်ပွဲစားဟု ရေးထားကြောင်း၊ ဘာမှမဖြစ်စေရဘူးပြောပြီး ဖွတ်အတင်းလက်မှတ်ရေးထိုးခိုင်း၍ ထိုးပေးခဲ့ရခြင်း ဖြစ်ကြောင်း တရားပြိုင်များမှ ချေပခဲ့သည်။

သို့သော် စာချုပ်သက်သေ ဦးမင်းသိန်း(လိုပြ-၃)နှင့် ဦးပေါက်စ(လိုပြ-၁)တို့က သက်သေခံ (က)စာချုပ်ကို ချုပ်ဆိုရန် ဦးလှအေးမှ တစ်စုံတစ်ရာခြိမ်းခြောက်ပြောဆို အကြပ်ကိုင်ခဲ့ခြင်းမရှိကြောင်း၊ ကိုအောင်သူရနှင့် ဦးထွန်းလှအောင်တို့မှ ကျောက်စိမ်း(၃၆)လုံးအတွက် ကျောက်စိမ်းဘိုးငွေ(၇၂၅)သိန်း ပေးစရာရှိသည့်အတွက် နှစ်ဦးနှစ်ဖက်ဝန်ခံကတိပြုစာချုပ်ပြုလုပ်ကြခြင်းသာဖြစ်ကြောင်း ထွက်ဆိုထားပေ သည်။

သို့ဖြစ်၍ (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်မှာ (၁)(၂) တရားပြိုင်တို့အား အတင်းအကြပ်မလျော်သြဇာသုံးကာ ခြိမ်းခြောက်ပြုလုပ်ခဲ့သော စာချုပ်ဖြစ်၍ပျက်ပြယ် သောစာချုပ်ဖြစ်သည်မှာ မမှန်ကြောင်းငြင်းချက်(၂)အား ဖြေကြားလိုက်သည်။

<u>ငြင်းချက်(၃)</u>

(၁)တရားပြိုင် ကိုအောင်သူရက ဦးလှအေးထံမှ ကျောက်စိမ်းများယူခဲ့ပြီး တစ်ပတ်အကြာ တွင် ငွေကျပ်(၇၅)သိန်းကို ဦးထွန်းလှအောင်၊ ဦးငွေတိုးတို့နှင့်အတူ သွားရောက်ပေးချေခဲ့ပြီး မိမိကလက်မှတ် ရေးထိုးပေးခဲ့ရကြောင်း၊ နောက်တစ်ပတ်အကြာတွင် ငွေကျပ်သိန်း(၅၀)ကို ဦးထွန်းလှအောင်၊ ဦးငွေတိုးနှင့် ဒေါ်နှင်းအိဖြူတို့ သွားရောက်ပေးချေခဲ့ပြီး မိမိ၏ဇနီးဒေါ်နှင်းအိဖြူက လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ မိမိမှတရားလိုအား ပေးသွင်းရမည့်ငွေသိန်း(၈၅၀)ကျပ်အနက် (၁၂၅)သိန်းပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ မိမိ နှင့်ဇနီးမှ ဦးလှအေးအား ကျောက်ဖိုးငွေများပေးရာတွင် လက်မှတ်ရေးထိုးပေးရသော စာရွက်စာတမ်းများ ကိုမိမိတို့အား ဦးလှအေးမှပေးအပ်ခဲ့ခြင်းမရှိ၍ မိမိတို့လက်ဝယ်မရှိကြောင်း ထွက်ဆိုခဲ့သည်။

(၁)တရားပြိုင်၏ထွက်ဆိုချက်ကို (၂)တရားပြိုင်ဦးထွန်းလှအောင်၊ ဦးငွေတိုး(ပြိုင်ပြ-၆)၊ ဒေါ်နှင်းအိဖြူ(ပြိုင်ပြ-၇)တို့က ထောက်ခံထွက်ဆိုခဲ့ပြီး ဦးသိန်းတန်(ပြိုင်ပြ-၁)၊ ဦးသိန်းကျော်(ပြိုင်ပြ-၂)၊ ဦးဇော်လင်း(ပြိုင်ပြ-၃)၊ ဦးသော်တာ(ပြိုင်ပြ-၄)တို့မှလည်း ကျောက်ဖိုးငွေစုစုပေါင်း(၁၂၅)သိန်းဘိုး ပေးချေပြီး ပြီဟု သိရကြောင်းထွက်ဆိုထားကြသည်။

တရားလိုဦးလှအေးကမူ တရားပြိုင်များမှ ကျောက်ဖိုးငွေများ ပေးချေခြင်းမရှိ၍ (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ သက်သေခံ(က)စာချုပ်ချုပ်ဆိုပြီး ရက်ချိန်းထပ်မံပေးခဲ့ကြောင်း ထွက်ဆိုထားပေ သည်။

(၁)တရားပြိုင်မှလည်း သက်သေခံ(က)စာချုပ်ချုပ်ဆိုခဲ့ခြင်းကို ငြင်းဆိုခြင်းမရှိပေ။

(၁)တရားပြိုင်မှ မိမိတို့မှငွေ(၁၂၅)သိန်းတိတိပေးချေပြီးကြောင်း၊ လက်မှတ်ရေးထိုးပေးခဲ့ရ သည့်စာရွက်စာတမ်းများအား တရားလိုမှ သိမ်းဆည်းထား၍ တင်ပြနိုင်ခြင်းမရှိဟု ထွက်ဆိုထားပေသည်။

(ညီမိစ်)
တွဲဖက်ခရိုင်တရားသူကြီး( ၁ )

သို့သော် (၂)တရားပြိုင်ဦးထွန်းလှအောင်နှင့် ဦးငွေတိုး(ပြိုင်ပြ-၅)တို့ကမူ ငွေများသွားရောက်ပေးချေရာတွင် (၁)တရားပြိုင်နှင့် ၎င်း၏ဇနီးဒေါ်နှင်းအိဖြူ(ပြိုင်ပြ-၆)တို့ လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ အဆိုပါ စာရွက်စာတမ်းများကို တရားလိုမှ သိမ်းဆည်းထားကြောင်း ထွက်ဆိုထားကြခြင်းမရှိပေ။

ငွေပေးငွေယူကိစ္စများတွင် ငွေပေးသူကသာ လက်ခံရရှိကြောင်း၊ အထောက်အထားရယူကြမြဖြစ်သည်။ ငွေလက်ခံသူက အထောက်အထားကို သိမ်းဆည်းထားသည်ဆိုခြင်းမှာ သဘာဝယုတ္တိမကျပေ။ သို့ဖြစ်၍ တရားပြိုင်(၁)အနေဖြင့် တရားလိုသို့ ငွေကျပ်(၁၂၅)သိန်းပေးချေပြီးဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်ခြင်းမရှိဟု သုံးသပ်ရမည်ဖြစ်သည်။

ထို့ကြောင့် (၁)တရားပြိုင်က တရားလိုထံသို့ ကျောက်စိမ်းဖိုးငွေ ကျပ်(၁၂၅)သိန်းပေးချေပြီးဖြစ်သည်ဆိုသည်မှာ မှန်သလား။

<u>ငြင်းချက်(၄)</u>

(၂)တရားပြိုင် ဦးထွန်းလှအောင်က ကျောက်ပွဲစားလုပ်ကိုင်သူဖြစ်ပြီး အောင်သူရနှင့် ဦးလှအေးတို့ ကျောက်ပွဲစားလုပ်ရာတွင် ပွဲစားလုပ်ပေးခြင်းသာဖြစ်ကြောင်း၊ မိမိမှဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်းဖြင့်ကျောက်ပွဲစားကဒ်ပြားကို သက်သေခံ(၁)အဖြစ် တင်ပြခဲ့သည်။

(၁)တရားပြိုင် အောင်သူရ၊ ဦးသိန်းကျော်(ပြိုင်ပြ-၂)၊ ဦးဇော်လင်း(ပြိုင်ပြ-၃)၊ ဦးသော်တာ(ပြိုင်ပြ-၄)တို့မှလည်း (၂)တရားပြိုင် ဦးထွန်းလှအောင်သည် ကျောက်ပွဲစားတစ်ဦးသာဖြစ်ပြီး ဦးလှအေးနှင့်အောင်သူရတို့ အရောင်းအဝယ်လုပ်ငန်းတွင် ပွဲစားလုပ်ပေးခြင်းသာဖြစ်ကြောင်း ထွက်ဆိုထားကြပေသည်။

တရားလိုဦးလှအေးမှ ကျောက်ပွဲစား (၂)တရားပြိုင်ဦးထွန်းလှအောင်က (၁)တရားပြိုင်အားခေါ်ဆောင်လာပြီး ၎င်းထံမှရှိသည့် ကျောက်စိမ်းများကို ၎င်းတို့နှစ်ဦးကြည့်ရှုဈေးဖြတ်ပြီး နှစ်ဦးအတူယူသွားခဲ့ကြောင်း ထွက်ဆိုထားပေသည်။

သက်သေခံ(က) (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ ရတနာကျောက်စိမ်း(၃၆)လုံး တန်ဖိုးကျပ်(၇၂၅)သိန်းဖြင့် ရောင်းချလွှဲပြောင်းပေးသူနှင့် လက်ခံဝယ်ယူသူတို့နှစ်ဖက်ဝန်ခံကတိစာချုပ်တွင် (၁)တရားပြိုင်အောင်သူရနှင့်အတူ ရတနာကျောက်စိမ်းဝယ်ယူသူနေရာ၌ လက်မှတ်ရေးထိုးထားသည့်အတွက် (၂)တရားပြိုင်သည် (၁)တရားပြိုင်နှင့်အတူ တရားလို၏ကျောက်စိမ်းများ ဝယ်ယူပြီးငွေပေးချေခြင်းမပြုရာတွင် တာဝန်ရှိနေကြောင်း ပေါ်ပေါက်လျှက်ရှိသည်။

သို့ဖြစ်၍ (၂)တရားပြိုင်သည် လိုင်စင်ရပွဲစားတစ်ဦးဖြစ်ပြီး အရောင်းအဝယ်တွင် ကိုယ်တိုင်ဝယ်ယူခြင်းမဟုတ်ဘဲ တရားလိုနှင့် (၁)တရားပြိုင်တို့ဆန္ဒအရအရ ဆောင်ရွက်ပေးရခြင်းဖြစ်၍ (၂)တရားပြိုင်နှင့် သက်ဆိုင်ခြင်းမရှိဆိုသည်မှာ မမှန်ကြောင်း ငြင်းချက်(၄)အား ဖြေကြားလိုက်သည်။

<u>ငြင်းချက်(၅)</u>

တရားလိုဦးလှအေးမှ ငွေ(၇၂၅)သိန်းနှင့် အရောင်းအဝယ်လုပ်ရလျှင် ငွေကျပ်သိန်း(၂၀၀၀)(၃၀၀၀)အမြတ်များရနိုင်ကြောင်း၊ ငွေသိန်း(၇၂၅)သိန်းကျပ် မပေးသည်မှာ (၂)နှစ်ကျော်ခန့်အချိန်ကာလဖြစ်ပြီး အဆိုပါငွေ(၇၂၅)သိန်းကို ရင်းနှီးလုပ်ကိုင်ခြင်းမပြုဘဲ ဘဏ်တွင်အပ်ထားလျှင် အတိုးသိန်း

(ညီမိစံ)
တွဲဖက်ခရိုင်တရားသူကြီး( ၂ )

(၁၅၀၊၂၀၀)အထိရနိုင်၍ နစ်နာကြေးရထိုက်ပါကြောင်း ထွက်ဆိုထားပေသည်။

တရားပြိုင်များမှ နစ်နာကြေးမရထိုက်ကြောင်း ငြင်းဆိုထားပေသည်။

တရားလို၏နစ်နာကြေးရထိုက်ကြောင်း တင်ပြချက်မှာ တရားလို၏ ခန့်မှန်းတင်ပြချက်သာဖြစ်ပေသည်။ တရားလိုနှင့် တရားပြိုင်တို့ နှစ်ဖက်သဘောတူချုပ်ဆိုခဲ့ကြသည့် သက်သေခံ(က) စာချုပ်တွင်လည်း တရားလိုထံမှ ရတနာကျောက်စိမ်း(၃၆)လုံးအတွက် တန်ဘိုးငွေ(၇၂၅)သိန်းကျပ်ကို (၂၅. ၁၂. ၂၀၁၂)နေ့တွင် အကြေပေးချေပါမည်ဟုသာ တရားပြိုင်များကဝန်ခံထားကြပြီး အဆိုပါနေ့ရက်တွင် ပျက်ကွက်ပါက နစ်နာကြေးထည့်သွင်းပေးချေမည်ဖြစ်ကြောင်းလည်း ဝန်ခံကတိပြုထားခြင်းမရှိပေ။

ယင်းသို့သောအခြေအနေမျိုးတွင် တရားလိုအား ၄င်းတောင်းဆိုသော နစ်နာကြေးငွေသိန်း(၅၀၀)အား ခွင့်ပြုရန်မသင့်ဟု သုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် တရားလိုသည် တရားပြိုင်များထံမှ နစ်နာကြေးငွေကျပ်သိန်း(၅၀၀)မရထိုက်ကြောင်း ငြင်းချက်(၅)အားဖြေကြားလိုက်သည်။

<u>ငြင်းချက်(၆)</u>

ငြင်းချက်(၁)(၂)(၃)(၄)(၅) ဖြေကြားချက်များအရ တရားလိုသည် တရားပြိုင်များအား ရောင်းချလိုက်သည့် ကျောက်စိမ်း(၃၆)လုံးအတွက် (၁၅. ၁၂. ၂၀၁၂)ရက်စွဲပါ ဝန်ခံကတိစာချုပ်ပါ ကျောက်စိမ်းဘိုးငွေ (၇၂၅,၀၀၀၀၀ိ/-) (ခုနှစ်ရာနှစ်ဆယ့်ငါးသိန်းကျပ်တိတိ)ကို တရားပြိုင်အောင်သူရနှင့် ဦးထွန်းလှအောင်တို့ထံမှ ရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီကိုစရိတ်နှင့်တကွ ချမှတ်လိုက်သည်။

စရိတ်(၃၀၀၀ိ/-)သတ်မှတ်သည်။

(signature) ၉-၃-၂၀၁၆

(ညိုမိစံ)
တွဲဖက်ခရိုင်တရားသူကြီး ( ၁ )
မန္တလေးခရိုင်တရားရုံး